**BBC Burmese Service**
**13 June 2007**

မြန်မာ့ဒီမိုကရေစီအရေး၊ ဖက်ဒရယ်စနစ်တည်ဆောက်ရေးတွေကို ကြိုးပမ်းလှုပ်ရှားနေတဲ့ တိုင်းရင်းသားလူမျိုးများ ကောင်စီ (ENC) က ကိုယ်စားလှယ်တချို့ဟာ အမေရိကန်နိုင်ငံကို ရောက်ရှိနေပြီး မနေ့ကတော့ အမေရိကန် သမတ ကတော် လော်ရာဘုရှ်နဲ့ အိမ်ဖြူတော်မှာ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းတွေကလည်း အဲဒီအဖွဲ့ဟာ အမေရိကန် အထက်နဲ့အောက် လွှတ်တော်အမတ်များအပြင် အမေရိကန်နိုင်ငံခြားရေးဌာနက အရာရှိတွေနဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ အခုအမေရိကန်ခရီးစဉ်မှာ အီးအဲန်စီမှာ ပါဝင်တဲ့ ချင်း၊ ကချင်၊ ကရင် ၊ မွန်၊ ကရင်နီ၊ ရခိုင်စတဲ့ တိုင်းရင်းသားကိုယ်စားလှယ်တွေပါဝင်ပါတယ်။ အခုလို အမေရိကန်သမတကတော်နဲ့တွေ့ဆုံပြီး မြန်မာနိုင်ငံက တိုင်းရင်းသားတွေ ဆွေးနွေးတာဟာ ဒါဟာ ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ဆိုတော့ အမေရိကန် သမတကတော် အနေနဲ့ မြန်မာ့အရေးကို ဘယ်လိုဆောင်ရွက်ပေးနိုင်မလဲ။ ဘယ်လိုဆောင်ရွက်ပေးနိုင်မယ်လို့ မျှော်လင့်ထားပါ သလဲလို့ အီးအဲန်စီက အထွေထွေအတွင်းရေးမှူး ဒေါက်တာဆလိုင်းလျန်မှူန်းဆာခေါင်းကို ကိုမင်းထက်က မေးတော့ သူက အခုလိုစဖြေပါတယ်။

**ဒေါက်တာဆလိုင်းလျန်မှူန်း။** ။ ဟုတ်ကဲ့၊ ကျနော်တို့အနေနဲ့က သမတကတော်ကနေပြီးတော့ ကျနော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံဖြစ်ပွားနေတဲ့ကိစ္စတွေကို Highlights လုပ်ပေးလို့ရှိရင်တော့ နိုင်ငံတကာရဲ့အာရုံစူးစိုက်မှု (Attention) ပိုရမယ်လို့ ကျနော်တို့မျှော်လင့်တယ်။ (၂) အနေနဲ့က လော်ရာဘုရှ်ကိုယ်နှိုက်က အများကြီး စိတ်အား ထက်သန်စွာနဲ့ ကိုယ်တိုင်ကိုယ်ကျ ကူညီနေတာကို တွေ့ရပါတယ်။ ဒီကိစ္စပိုင်းမှာဆိုရင်လည်း မြန်မာပြည်ကိစ္စကို Seminar တခါလုပ်ပေးတယ်။ အခုဆိုရင်လည်း အမေရိကန် အထက်လွှတ်တော်ရော၊ အောက်လွှတ်တော်ရောမှာရှိတဲ့ အမတ်တွေကို စုပြီးတော့ ဗမာပြည် Focus တခုကို ဖန်တီးပေးနေပါတယ်။ ကျနော်တို့အတွက် အာရုံစူးစိုက်မှု၊ ပံ့ပိုး ကူညီမှုရမယ်လို့ မျှော်လင့်မိတယ်။

**မင်းထက်။** ။ အခုတိုင်းရင်းသားလူမျိုးတွေက လာဆွေးနွေးကြတယ်။ တိုင်းရင်းသားလူမျိုးတွေ အနှစ်ငါးဆယ် ကျော် မပြီးပြတ်သေးတဲ့ ပြဿနာတွေကို ဆွေးနွေးကြတယ်ဆိုတော့ ကိုလျန်မှူန်းတို့ အဓိကဆွေးနွေးတာက တိုင်းရင်းသားအရေးသက်သက်ပဲလား။ ဒါမှမဟုတ် မြန်မာနိုင်ငံတခုလုံးရဲ့အရေးကိုကော ဆွေးနွေးခဲ့ကြသေးသလား ခင်ဗျ။

**ဒေါက်တာဆလိုင်းလျန်မှူန်း။** ။ တိုင်းရင်းသားအရေးက အမြဲတမ်း မေ့ပျောက်ခံနေရတဲ့ ပြဿနာတခုဖြစ်နေ တော့ ဒါလေးကိုမမေ့ဖို့ဆိုပြီး ဦးစားပေးပြီးတော့ မီးမောင်းထိုးပြီးတော့ ပြောတာတော့ရှိပါတယ်။ ဒါပေမယ့် ကျနော် တို့က လုပ်ဆောင်တဲ့နေရာမှာတော့ တိုင်းရင်းသားအရေး သက်သက်တခုတည်းကိုသာ ပြောတာမဟုတ်ဘူး။ ပြည်ထောင်စု တခုလုံးအရေး၊ ပြည်ထောင်စုတခုလုံးမှာ ဒီမိုကရေစီ ရရှိရေး၊ တန်းတူရေးရရှိရေးနဲ့ စစ်မှန်တဲ့ ဖက်ဒရယ် စနစ် တည်ထောင်ရေးတို့ကို ကြိုးစားနေတာဖြစ်တဲ့အတွက် ကျနော်တို့လုပ်ဆောင်မှုအားလုံးဟာ ပြည်ထောင်စု တဝှမ်းလုံးမှာရှိတဲ့ ပြည်သူလူထုတရပ်လုံး၊ ပြည်ထောင်စုတဝှမ်းလုံးအတွက် လုပ်ဆောင်နေတာဖြစ်တယ်လို့ ကျနော် ပြောချင်ပါတယ်။

**မင်းထက်။** ။ အနှစ် ငါးဆယ်ကြာတိုင်းရင်းသားအရေးကို ပြည်တွင်းမှာလည်း မဖြေရှင်းနိုင်ဘဲ ဖြစ်နေတဲ့ အခြေ အနေမျိုးမှာ အမေရိကန်အထိ လာပြီးအကူအညီတောင်းတယ်။ အမေရိကန်တွေအနေနဲ့ ဘာကို အဓိက လုပ်ပေးစေ ချင်တာလဲခင်ဗျ။

**ဒေါက်တာဆလိုင်းလျန်မှူန်း။** ။ ဟုတ်ကဲ့။ ကျနော်တို့အနေနဲ့ အမေရိကန်အထိလာပြီး ပြောတယ်ဆိုတဲ့ နေရာမှာ ကျနော်တို့ပြဿနာကို အမေရိကန်ဆီမှာ အားလုံးကိုပုံချပြီးတော့ ဖြေရှင်းပေးပါဆိုပြီးတော့ လာလုပ်တာ မဟုတ်ပါဘူး။ ကျနော်တို့မြန်မာနိုင်ငံရဲ့အရေးပြဿနာကို ကျနော်တို့နိုင်ငံသားတွေကိုယ်တိုင်ဖြေရှင်းဖို့ဖြစ်ပါတယ်။ အဲဒီလိုဖြေရှင်းတဲ့နေရာမှာ သူတို့ဘက်ကနေပြီးတော့ အကူအညီပေးဖို့လောက်ပဲဖြစ်ပါတယ်။ ရှေ့ဆက်ပြီးတော့ ကျနော်တို့ဗမာပြည်အရေးကို နိုင်ငံတကာကနေပြီးတော့ ဆက်ပြီးတော့ အကူအညီပေးဖို့ပါပဲ။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်၊ အိန္ဒိယ နဲ့အာဆီယံနိုင်ငံတွေပါပြီးတော့ ဆွေးနွေးတိုင်ပင်မယ့် International

Conference လိုဟာမျိုးတခု လုပ်ပေးဖို့ သူတို့ကိုပြောပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တရုတ်နဲ့ရုရှက ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ပယ်ချတယ်ဆိုပေမယ့် မြန်မာနိုင်ငံမှာ နိုင်ငံရေးအကြပ်အတည်း၊ လူမှုရေး အကြပ်အတည်းအများကြီး ရှိတယ်ဆိုတာကို သူတို့က ဝန်ခံခဲ့ပါတယ်။ အဲဒီဝန်ခံတဲ့အချက်ကိုယူပြီးတော့ ဒီအချိန်မှာ နိုင်ငံတကာအားလုံးပါဝင်တဲ့ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေပါတဲ့ အာဆီယံတွေပါတဲ့ ကွန်ဖရင့်မျိုးတခု လုပ်ရင်ကောင်းမယ်လို့ပြောတာဖြစ်ပါတယ်။

**မင်းထက်။** ။ မကြာခင်ကပဲ ကုလသမဂ္ဂနေမှတဆင့် မစ္စတာအီဘရာဟင်ဂမ်ဘာရီကို မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် ထပ်ပြီးခန့်လိုက်တော့ အမေရိကန်အနေနဲ့ ကုလသမဂ္ဂလမ်းကြောင်းကနေ သွားဖို့ကိစ္စကိုရော ကိုလျှန်မှုန်းတို့ ဆွေးနွေးဖြစ်ခဲ့ကြသေးလားခင်ဗျ။

**ဒေါက်တာဆလိုင်းလျှန်မှုန်း။** ။ ဟုတ်ကဲ့။ ကျနော်တို့အနေနဲ့ သူတို့ကိုပြောတဲ့အထဲမှာ ကမ္ဘာ့ကုလသမဂ္ဂလမ်းကြောင်းကနေသွားတာ အကောင်းဆုံးဖြစ်တယ်ဆိုတာကို ကျနော်တို့ Emphasize လုပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တရုတ်နဲ့ရုရှကလည်း ဒီကိစ္စကို အထွေထွေအတွင်းရေးမှူးချုပ်ရုံးကနေပြီးတော့ ဖိအားပေး ဆောင်ရွက်သင့်တယ်။ ပါဝင်သင့်တယ်ဆိုပြီး ပြောခဲ့တာရှိပါတယ်။ အဲဒီအတွက်ကြောင့် ကမ္ဘာ့ကုလသမဂ္ဂလမ်းကြောင်းကနေသွားတာကောင်းတယ်။ နိုင်ငံတကာက ပါဝင်ပတ်သက်တာကောင်းတယ်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံ တရုတ်နဲ့ အိန္ဒိယတို့ပါဝင်တာကောင်းတယ်။